“သင်တို့အရင်မှာရှိခဲ့သည့်

လူမျိုးစုတစ်စုတွင်အမျိုးသားတစ်ဦးရှိခဲ့သည်။ ထိုသူ၌ဒဏ်ရာတစ်ခုရှိခဲ့၏။ ထို့နောက် သူသည် (နာကျင်မှုကို) သည်းမခံနိုင်တော့ဘဲ ဓားတစ်ချောင်းကို ယူ၍ မိမိလက်ကိုဖြတ်လိုက်၏။ ထို့နောက်(ဒဏ်ရာမှာ) သွေးမတိတ်ဘဲ

သေဆုံးသွားလေ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူသည်- "ငါအရှင်မြတ်၏ ကျေးကျွန်သည်

ငါအရှင်မြတ်ထက် ဦးစွာ မိမိအသက်ကို သတ်ရန်

အလျင်လိုခဲ့ပေပြီ။ ထို့ကြောင့် ငါအရှင်သည်

ထိုသူ့အပေါ် ဂျန္နသ်ကိုဟရာမ်အဖြစ်သတ်မှတ်တော်မူလိုက်လေပြီ။”

ဟစန်(ရဟိမဟုလ္လာ)ထံမှ ဆင့်ပြန်လာရှိသည်။ ၎င်းက ပြောပြခဲ့သည်။ ကျွန်ုပ်တို့အားဤဗလီဝတ်ကျောင်းတော်၌ ဂျွန်ဒွဗ် ဗင်န် အဗ်ဒုလ္လာဟ် (ရဿွိယလ္လာဟုအန်ဟု) သည်
ဟဒီးစ်ဆင့်ပြန်ပြောကြားခဲ့သည်။ ထိုဟဒီးစ်တော်ကို ကျွန်ုပ်တို့အား
သူဆင့်ပြန်ပြောကြားပြီးကတည်းက ကျွန်ုပ်တို့ မေ့လျော့ခြင်း မရှိခဲ့ပါ။ ထို့ပြင်ဂျွန်ဒွဗ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အပေါ် မဟုတ်မမှန်လိမ်ညာပြောဆိုမည်ဟုလည်း ကျွန်ုပ်တို့ မစိုးရိမ်ကြပေ။ ၎င်းက
ပြောပြခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်- “သင်တို့အရင်မှာရှိခဲ့သည့်လူမျိုးစုတစ်စုတွင်အမျိုးသားတစ်ဦးရှိခဲ့သည်။ ထိုသူ၌ ဒဏ်ရာတစ်ခုရှိခဲ့၏။
ထို့နောက် သူသည် (နာကျင်မှုကို) သည်းမခံနိုင်တော့ဘဲ ဓားတစ်ချောင်းကို ယူ၍
မိမိလက်ကို ဖြတ်လိုက်၏။ ထို့နောက်(ဒဏ်ရာမှာ) သွေးမတိတ်ဘဲ သေဆုံးသွားလေ၏။ ထိုအခါ
အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်- "ငါအရှင်မြတ်၏ ကျေးကျွန်သည်
ငါအရှင်မြတ်ထက် ဦးစွာ မိမိအသက်ကို သတ်ရန် အလျင်လိုခဲ့ပေပြီ။ ထို့ကြောင့်
ငါအရှင်သည် ထိုသူ့အပေါ် ဂျန္နသ်ကို ဟရာမ်အဖြစ်သတ်မှတ်တော်မူလိုက်လေပြီ။”
[صحيح] [متفق عليه]

တမန်တော်မြတ်် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်- ကျွန်ုပ်တို့အရင်မှာရှိခဲ့သည့် လူမျိုးစုတစ်စုတွင် အမျိုး သားတစ်ဦးရှိခဲ့သည်။ သူသည်ဒဏ်ရာရရှိခဲ့၏။ ထို့နောက် ဒဏ်ရာ ၏ပြင်းထန်သောဝေဒနာကို သည်းခံနိုင်စွမ်းမရှိဘဲဓားတစ်ချောင်းကိုယူကာ မိမိလက်ကို ဖြတ်လိုက်၏။ ထို့အတူ သေခြင်းကိုလည်း အလျင်အမြန်တောင်းဆိုလိုက်၏။ ထို့နောက် သွေးတိတ်ခြင်း မရှိသေးမီမှာပင် သူသေဆုံးသွားလေ၏။ထိုအခါ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်- "ငါအရှင်မြတ်၏ ကျေးကျွန်သည်ငါအရှင်မြတ်ထက် ဦးစွာ မိမိအသက်ကို သတ်ရန် အလျင်လိုခဲ့ပေပြီ။ ထို့ကြောင့် ငါအရှင်သည်

ထိုသူ့အပေါ် ဂျန္နသ်ကို ဟရာမ်အဖြစ်သတ် မှတ်တော်မူလိုက်လေပြီ။

http://sunnah.global/hadeeth/my/show/2981